# ပြည်သူများသိရှိနိုင်ပါရန်

၂၀၁၃ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအရ -

သန်းခေါင်စာရင်း ကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စမှတစ်ပါး အခြားမည်သည့် ကိစ္စအတွက်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်း မပြုရ။

**မေးခွန်းများကိုမှန်ကန်စွာဖြေဆိုခြင်းအားဖြင့်** နိုင်ငံတော်မှ သင်နေထိုင်ရာ နယ်မြေအတွင်း အောက်ပါတို့ကို ဆောင်ရွက်ပေးနိုင်မည် -

- လိုအပ်သောစာသင်ကျောင်းအရေအတွက်
- လိုအပ်သော ဆေးရုံ/ ဆေးပေးခန်းအရေအတွက်
- ရေပေးဝေမှုစနစ်
- လျှပ်စစ်ဓါတ်အားဖြန့်ဝေရမည့်ပမာဏ
- အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရမည့်အခြေအနေ
- နယ်မြေကာကွယ်ရေးအတွက်လိုအပ်ချက်များ
- လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ
- မသန်စွမ်းသူများစောင့်ရှောက်ရေး
- ဘိုးဘွားများစောင့်ရှောက်ရေး
- အမျိုးသမီးများနှင့် ကလေးသူငယ်များစောင့်ရှောက်ရေး

## လူဦးရေစာရင်းများ မှန်ကန်မှ
## အနာဂတ်လူနေမှုဘဝတိုးတက်မြင့်မားမည်



၂၀၁၄ ခုနှစ်
လူဦးရေနှင့်
အိမ်အကြောင်းအရာ
သန်းခေါင်စာရင်း

၂၀၁၄ခုနှစ်
မတ်လ (၃၀)ရက်နေ့မှ ဧပြီလ (၁၀)ရက်နေ့
အထိ သန်းခေါင်စာရင်း ကောက်ပါမည်

☺☺ ပြည်သူများက ☺☺

- စာရင်းကောက်မှ မေးမြန်းသော မေးခွန်းများ ကို မှန်ကန် ပြည့်စုံစွာ ဖြေဆိုကြပါ။
- သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဗဟိုသန်းခေါင်စာရင်းကော်မရှင်

**ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့**

**အချက်အလက်များမမှန်ကန်ပါက**
**နစ်နာသူမှာ ပြည်သူသာ**

ရှုက်ရေ(        )သိန်း

## လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းသည် နိုင်ငံတော်၏စီမံကိန်းများ အောင်မြင်စေမည့် အခြေခံကျသောလုပ်ငန်းစဉ် ဖြစ်သည်။

### သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်

နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များ အတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို ရရှိရန်ဖြစ်ပါသည်။

### သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများ

- သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၁၄ ခုနှစ် မတ်လ (၂၉)ရက်နေ့ ညဥ့်သန်းခေါင်ယံ)တွင် မြန်မာနိုင်ငံနယ်နမိတ်အတွင်း ရှိသူ/နေထိုင် သူများ
- သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၁၄ ခုနှစ် မတ်လ (၂၉)ရက်နေ့ ညဥ့်သန်းခေါင်ယံ) ကျော်လွန်ပြီးမှ သေဆုံးသူများ
- နိုင်ငံခြားသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသံရုံးဝန်ထမ်းများ အပါအဝင် နိုင်ငံခြားတွင်နေထိုင်လျှက်ရှိသော မြန်မာနိုင်ငံသားများ

### သန်းခေါင်စာရင်းထည့်မကောက်ရမည့်သူများ

- မြန်မာနိုင်ငံအခြေစိုက် သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများတွင် တာဝန်ထမ်းဆောင်နေသောနိုင်ငံခြားသားသံတမန်များနှင့် မိသားစုဝင်များ
- သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၁၄ ခုနှစ် မတ်လ ၂၉ရက်နေ့ ညဥ့်သန်းခေါင်ယံ)ကျော်လွန်ပြီးမှမွေးဖွားသောကလေးများ

သိရှိလိုသောအချက်များရှိပါကအောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

၀၆၇-၄၃၁၀၆၇၊ ၀၆၇-၄၃၁၀၆၉၊ ၀၆၇-၄၃၁၃၃၆

## ဤမေးခွန်း များကို

မှန်ကန်စွာ ဖြေဆိုခြင်းဖြင့်ကူညီပါ

- အမည်
- အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံ
- ကျား/မ
- ပြည့်ပြီးအသက်
- အိမ်ထောင်ရေးအခြေအနေ
- ကိုးကွယ်သည့်ဘာသာ
- လူမျိုး
- ကိုင်ဆောင်သည့်ကတ်ပြားအမျိုးအစား
- မသန်စွမ်းမှုအခြေအနေ
- ပြောင်းရွှေ့သွားလာခြင်းအကြောင်းအရာ
- ပညာရေးအကြောင်းအရာ
- အလုပ်အကိုင်အကြောင်းအရာ
- ကလေးမွေးဖွားခြင်းအကြောင်းအရာ(အိမ်ထောင်ကျဘူးသူ အမျိုးသမီးများ အသက် ၁၅နှစ်နှင့်အထက်)
- အိမ်ပိုင်ဆိုင်မှုအခြေအနေ
- အလင်းရောင်အတွက်မီးအသုံးပြုမှု
- သောက်သုံးရေရရှိမှု
- လောင်စာအသုံးပြုမှု
- အိမ်သာအမျိုးအစား
- အိမ်ထောင်စုရှိပစ္စည်းများ
- အိမ်ထောင်စုဝင်များထဲမှနိုင်ငံခြားသို့ရောက်ရှိနေသူများ စာရင်း
- လွန်ခဲ့သော(၁၂)လအတွင်းအိမ်ထောင်စုဝင်သေဆုံးမှု

### သန်းခေါင်စာရင်းကောက်ယူခြင်း

- ၂၀၁၄ခုနှစ် မတ်လ (၃၀)ရက်နေ့မှ ဧပြီလ (၁၀)ရက်နေ့ အတွင်း (၁၂)ရက်ကြာ တစ်နိုင်ငံလုံးတွင်သန်းခေါင်စာရင်း ကောက်ယူပါမည်။
- စာရင်းကောက်သူများက နံနက် (၇)နာရီမှ ညနေ(၆)နာရီ အတွင်း နေအိမ်သို့လာရောက် စာရင်းကောက်ယူပါမည်။
- နေအိမ်သို့ စာရင်းလာကောက်မည့်နေ့ကို ကြိုတင် အကြောင်း ကြားပါမည်။
- သန်းခေါင်စာရင်းကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆) သို့မဟုတ် ပုံစံ(၁၀) ရှိခြင်း/ မရှိခြင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ရှိခြင်း/ မရှိခြင်းနှင့် မသက်ဆိုင်ပါ။
- တိုင်းရင်းသား ဖြစ်ခြင်း/ မဖြစ်ခြင်း၊ နိုင်ငံသား ဖြစ်ခြင်း/ မဖြစ်ခြင်းနှင့် မသက်ဆိုင်ပါ။
- သန်းခေါင်စာရင်း ထည့်မကောက်ရမည့်သူများမှ အပ သန်းခေါင်စာရင်း ရည်ညွှန်းချိန်အတွင်း မြန်မာနိုင်ငံ နယ်နမိတ် အတွင်းရှိနေသူ အားလုံးကို စာရင်းကောက်ယူ ပါမည်။
- သန်းခေါင်စာရင်း ကောက်ယူခြင်းအားဖြင့် သိရှိရသော ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခွန်ကောက်ခံခြင်း၊ အရေး ယူခြင်းတို့ကိုလုံးဝ (လုံးဝ) ပြုလုပ်မည်မဟုတ်ပါ။
- သန်းခေါင်စာရင်းမေးခွန်းတွင်မေးမြန်းထားသော နိုင်ငံခြား သို့ရောက်ရှိနေကြသော အိမ်ထောင်စုဝင်များ အတွက်လည်း စိုးရိမ်ရန်မလိုပါ။ မည်သို့မျှအရေးယူမည်မဟုတ်ပါ။